
မင်းမြတ်သူရ
ဂမ္ဘီရမျက်လုံးပိုင်ရှင်

အခန်း(၁)

# မင်းမြတ်သူရ

# ဂမ္ဘီရမျက်လုံးပိုင်ရှင်

တောင်ပြုန်းပွဲတော် ကြီး၏ ပူပြင်းသော နေရောင်အောက်၌ လူငယ်တစ်ဦးသည် လေးလံလှသော တောင်းကြီးတစ်လုံးကို ထမ်းပြီး သွားလာနေလေ၏ ။

လူငယ်သည် များ ပြားလှသော လူအုပ်ကြီးအတွင်း ၊ တောင်းကြီးကို ပင်ပန်းကြီးစွာထမ်း၍ သွား လာနေရာမှ အရှေ့မှ လမ်းပိတ်၍ လျှောက်နေသော မိန်းမလျာတစ်ဦးကို ရှောင်တိမ်းပြီး

“မိန်းမလျာတွေ ကြောင့်တော့ ခက်ပါပြီ၊ ဒါပေမယ့် တောင်ပြုန်းပွဲကို မိန်းမလျာတွေ ရဲ့ ပွဲလို့ ဆိုရလောက်အောင် ဖြစ်နေပြီ၊ ဟိုတုန်းကဆိုရင် မိန်းမလျာတွေ ဒီလောက်မများ သေးပါဘူး၊ အခုတော့ ကြည့်လေရာ မြင်လေရာ မိန်းမလျာတွေ ချည်းပါပဲ”

ဟု ရေရွတ်နေလေ၏ ။

လူငယ်၏ တောင်းကြီးအတွင်း ၊ ကန်တော့ပွဲအတွက် လိုအပ်သော အုန်းသီး၊ ငှက်ပျောသီးနှင့် အမွှေးတိုင် စသော ပစ္စည်းများ ပါဝင်၏ ။

လူငယ်သည် တောင်းကြီးကိုထမ်း၍ တရွေ့ရွေ့ သွားလာနေလေ၏ ။

တောင်ပြုန်းပွဲတော် က ကာလသားများ သည် အစဉ်အလာအတိုင်း မိန်းမများ ကို ကြီးကြီးငယ် ငယ် အရွယ်မရွေးဘဲ နောက်ပြောင်ကျီစယ်နေကြ၏ ။

ထိုသို့ နောက်ပြောင်သော် လည်း မိန်းမများ သည် ဒေါသထွက်ဟန်မရှိဘဲ အလိုက်သင့် ပြန် လည်နောက်ပြောင်နေကြ၏ ။

ပွဲတော် ၌ လူပျိုကာလသားများ သာမက သက်ကြားအို အရွယ်လူကြီးတစ်ဦးက သမီးအရွယ် မိန်းမပျိုလေးကို စပ်ဖြီးဖြီး ကြည့်၍

"နုမလေးရေ..ဒီနေ့ည အိမ်ပြန်မအိပ်ဘူးနော်"

ဟု နောက်ပြောင်လေ၏ ။ မျက်နှာပြောင်ဟန်ရှိသော မိန်းမပျိုက နှုတ်ခမ်းကိုမဲ့၍

"ရှင်ကြီးအိမ်လည်း အိမ်မှာ အိပ်မဲ့လူမပြတ်ဘူး အဘိုးရေ"

ဟု ပြန်လည်နောက်ပြောင်လေရာ လူစုလူဝေးကြီးသည် သဘောကျဟန်ဖြင့် တဝါးဝါး ရယ်မောကြလေ၏ ။

တစ်နေရာ၌ အခြားသော ကာလသားလူငယ်တစ်ဦးက အရက်ပုလင်းကိုမော့၍ အမေအရွယ် မိန်းမကြီးအား

"ယောက္ခမကြီး...ခင်ဗျားသမီး ဘယ်မှာ ထားခဲ့လဲ"

ဟု နောက်ပြောင်လေရာ မိန်းမကြီးက ရယ်မော၍

"ဟဲ့ကောင်လေး..ငါက အပျိုကြီးဟဲ့၊ သမီးမရှိဘူး၊ လိုချင်ရင် ငါ့ကိုလာယူလှည့်၊ တင်တောင်းစရာမလိုဘူး"

ဟု ပြောလေရာ လူအုပ်ကြီးသည် သဘောကျဟန်ဖြင့် ရယ်မောကြပြန်၏ ။

လူငယ်သည် အပျော်လွန်နေသော လူအုပ်ကြီးကို အတင်းတိုးဝှေ့၍ ထွက်ခဲ့လေ၏ ။

အတန်ကြာအောင် လျှောက်လှမ်းပြီးသော အခါ ပွဲဈေးတန်းကို လွန်မြောက်ပြီး တောင်ပြုန်းရွာအတွင်း းသို့ ရောက်သွားလေ၏ ။

ရွာအတွင်း းရှိ နှစ် ထပ်ပျဉ်ထောင်အိမ်ကြီးရှိရာ ခြံဝင်းထဲသို့

ရောက်သည်နှင့် မိန်းမလျာတစ်စု သည် လူငယ်ကို မြင်တွေ့ သွားပြီး လှုပ်လှုပ်ရွရွ ဖြစ်ကာ

“ဘိုးစံ ပြန်လာပြီ၊ ငါတို့အတွက် ဘာတွေ ပါသလဲ၊ ဝိုင်းလုကြရအောင်ဟေ့”

ဟု ဆိုကာ ဘိုးစံဆိုသော လူငယ်ထံသို့ မိန်းမလျာများ ပြေးလွှားသွားလေ၏ ။

လူငယ်သည် မိမိထံသို့ ဝိုင်းဝန်းလုယက်ရန် ရောက်ရှိလာသော မိန်းမလျာများ ကိုကြည့်၍ မျက် လုံးပြူးသွားပြီး

“ဟေ့လူတွေ ...မလုပ်နဲ့နော်၊ တောင်းထဲက ပစ္စည်းတွေ ကျကွဲလို့ ကျုပ်ကို ညမွှေးပန်းကြီး ဆူခံရမယ်”

ဟု တားဆီးလေ၏ ။

သို့ သော် မိန်းမအစစ်များ ထက်ပင် ပိုကဲသော မိန်းမလျာတစ်စုသည် ဘိုးစံ၏ တောင်းကို မြေပေါ်သို့ ချသူကချ၊ ဘိုးစံကို ပွေ့ဖက်သူက ပွေ့ဖက်ဖြင့် ပြုလုပ်ကြလေ၏ ။

မိန်းမလျာများ အနက် အသဲဆုံး၊ အကဲဆုံး လှလှမိုးဆိုသူက ဘိုးစံ၏ ပါးကို ရွှတ်ခနဲမြည်အောင် ပင် နမ်းရှုံ့လိုက်သေး၏ ။

ထိုအခါ ကျန်သော မိန်းမလျာများ က သဘောကျစွာဖြင့် ဝိုင်းဝန်းသြဘာပေးကြလေ၏ ။

ဘိုးစံသည် မိန်းမလျာလှလှမိုး၏ အပြုအမူကြောင့် ဒေါသူပုန်ထသွားပြီး

“မိန်းမလျာစုတ်ကြီး၊ ခင်ဗျားကြီး လွန်ပြီ”

ဟု အောင်ဟစ်ကာ မိန်းမလျာ၏ ရင်ဘတ်အား ဆောင့်တွန်းလိုက်ရာ မိန်းမလျာသည်

“အမေလေး..သေပါပြီတော် ”

ဟု အော်ဟစ်ပြီး မြေပေါ်သို့ ဖင်ထိုင်လျက် လဲကျသွားလေ၏ ။

ထိုအခိုက်မှာ ပင် ပျဉ်ထောင်အိမ်ကြီး၏ အပေါ်ထပ်မှ

“ဘိုးစံ တော် စမ်း၊ မမိုက်ရိုင်းနဲ့”

ဟူသော အသံကိုကြားရ၍ မော့ကြည့်လိုက်ရာ နှစ် ထပ်အိမ်ကြီး၏ ဝရန်တာ၌ ကြိမ်ကုလားထိုင် ကြီးချ၍ ခန့်ခန့်ကြီးထိုင်နေသော အသက်ငါးဆယ်ဝန်းကျင် မိန်းမလျှာကြီးတစ်ဦးကို မြင်ရလေ၏ ။

ထိုမိန်းမလျှာကြီးသည် တောင်ပြုန်းရွာဇာတိ ညမွှေးပန်းဆိုသော မိန်းမလျှာကြီးပင် ဖြစ်၏ ။

ညမွှေးပန်းကြီးသည် ကြိမ်ကုလားထိုင်ပေါ်မှ ဝုန်းခနဲထရပ်၍ ဘိုးစံကို မကျေမချမ်းကြည့်ကာ

“မိန်းမလျှာတွေ ကို စော်ကားတဲ့စကားမပြောနဲ့၊ သူတို့ဟာ နင့်ကျေးဇူးရှင်တွေ ဟဲ့၊ နင်ဟာ မိန်းမလျှာတွေ ကျွေးတဲ့ ထမင်းကိုစားပြီး မိန်းမလျှာတွေ ကို စော်ကားရသလား၊ ကျေးဇူးမသိတတ်တဲ့ ကောင်”

ဟု ကြိမ်းမောင်းလေရာ ဘိုးစံသည် ညမွှေးပန်းကို စကားမတုံ့ပြန်တော့ဘဲ မြေပေါ်သို့ ကျနေသော တောင်းကြီးကိုထမ်း၍ ပျဉ်ထောင်အိမ်ကြီးအနောက်သို့ လျှောက်ခဲ့၏ ။

မီးဖိုဆောင်၌ ခါးကုန်းကြီးတစ်ယောက်သည် ထမင်းအိုးတစ်လုံးကို ယောက်မဖြင့်မွှေ၍ ချက်ပြုတ်နေလေ၏ ။

ဘိုးစံသည် မီးဖိုဆောင်သို့ ရောက်လျှင် လက်ထဲရှိတောင်းကြီးကို ဆောင့်ချလိုက်၏ ။

ဘိုးစံ၏ အမူအရာကြောင့် မီးဖိုချောင်ထဲရှိ ထမင်းအိုးမွှေနေသော

ခါးကုန်းကြီးတစ်ယောက်က ထိတ်လန့်ဟန်ဖြင့်

“လန့်လိုက်တာကွာ၊ အေးအေးဆေးဆေး လုပ်စမ်းပါ၊ မင်းကြောင့် သောက်ထားတာလေးတွေ ပျောက်ကုန်ပြီ”

ဟု ပြောလေ၏။

ခါးကုန်းကြီးသည် ညမွေးပန်း၏ ထမင်းချက်ကြီး ဖြစ်၏။ ခါးကုန်းကြီးက ခေါင်းခါယမ်း၍

“မိန်းမလျာတွေ နဲ့ဖက်ပြီး မ ဖြစ်စမ်းပါနဲ့ကွာ၊ ယောက်ျား သိက္ခာကျပါတယ်”

ဟု ပြောလေရာ ဘိုးစံက မျက်နှာရှုံ့မဲ့၍

“ဘာ...ယောက်ျားသိက္ခာကျတယ် ဟုတ်လား၊ မိန်းမလျာတွေ က ကျုပ်ကိုဝိုင်းပြီး နောက်ပြောင်တာကို ကျုပ်က လက်ပိုက်ကြည့်နေရမလား၊ အရှက်မရှိတဲ့ လုလုမိုးဆိုတဲ့ မိန်းမလျာက ကျုပ်ပါးကိုတောင် နမ်းသွားသေးတယ်”

ဟု ပြောလေရာ ခါးကုန်းကြီးက တဟားဟားရယ်၍

“မိန်းမလျာက မင်းပါးကို ဖက်နမ်းသွားလို့ မင်း ဒေါသ ဖြစ်နေတယ်ပေါ့၊ မိန်းမလျာမဟုတ်ဘဲ ချောချောလှလှ ကွမ်းတောင်ကိုင် မိန်းကလေးဆို မင်း ဘယ်လိုနေလဲ၊ ဒီလိုပဲ ဒေါသ ဖြစ်မှာ လား၊ ဟိ ဟိ...ငါတော့ မြင်ချင်သေးတယ်ကွာ”

ဟု ပြောလေ၏။

ခါးကုန်းကြီး၏ နောက်ပြောင်မှုကြောင့် ဘိုးစံသည် ပိုမို၍ ဒေါသ ဖြစ်သွားပြီး

“ဟေ့လူကြီး....ကျုပ်ပါးကို ဘယ်သူနမ်းနမ်း ဒေါသ ဖြစ်မှာ ပဲ”

ခါးကုန်းကြီးက ရယ်မော၍

“မိန်းမလျာတွေ ကို မေ့ထားလိုက်စမ်းပါကွာ၊ ဟောဒီမှာ ငါ အရက်နဲ့မြည်းဖို့ ကြက်ပေါင်နှစ် ချောင်း ဖယ်ထားတယ်၊ မင်းအတွက် တစ်ချောင်းရမယ်၊ မိန်းမလျာတွေ မမြင်အောင် စားဦး”

ဟု ပြောလေရာ ဘိုးစံသည် ခါးကုန်းကြီးပေးသော ကြက်ပေါင်ကို ယူ၍ ကိုက်ဝါးလိုက်ကာ

“ကြက်ပေါင်လေးကိုက်လိုက်ရမှ မောပန်းတာလေး ပြေသွားတယ်၊ နေပူကြီးထဲမှာ ညမွှေးပန်း ကြီးအတွက် နတ်ပစ္စည်းတွေ သွားယူရတာ ပင်ပန်းလိုက်တာဗျာ”

ဟု ညည်းညူလေ၏ ။

ခါးကုန်းကြီးက မိန်းမလျာများ မမြင်အောင် ကွယ်ဝှက်ထားသော ဝီစကီပုလင်းကိုဖွင့်၍ တကြုတ်သောက်လိုက်ပြီး

“ဟဲ ဟဲ…ညမွှေးပန်းဆီမှာ ထမင်းချက်လုပ်တာ ဒါလေးတွေ ငါ့အတွက် အမြဲတမ်းရနေလို့ကွ၊ ကဲ..စားပြီးရင် အိမ်နောက်က အိမ်ကို သွားပြီးရှင်းလိုက်ဦး၊ မနက်ဖြန် ချိုးရေတော် သုံးမဲ့နေ့မှာ တောင်ပြုန်းကို ညမွှေးပန်းရဲ့တူတော် မောင် ရောက်လာလိမ့်မယ်၊ ဒီကောင်လာရင် ငါတို့ ခေါင်း နောက်ဦးမယ်”

ဟု ပြောလေ၏ ။ ဘိုးစံက မျက်နှာကိုမဲ့၍

“ကျုပ်တော့ စိတ်ကုန်တယ်ဗျာ၊ မိန်းမလျာတွေ ရဲ့ အလုပ်တွေ ကို ပင်ပန်းရတဲ့အထဲ ညမွှေးပန်း တူတော် မောင်ကလာပြီး ညှဉ်းဆဲဦးမယ်၊ ဒီကောင်တွေ မိန်းမလျာ မဟုတ်ပါဘူးနော်”

ဟု မေးမြန်းလေရာ ခါးကုန်းကြီးက ရယ်မော၍

“မဟုတ်ပါဘူးကွာ၊ လူတိုင်းကို မိန်းမလျာ ထင်နေပြန်ပြီ၊ ညမွှေးပန်းဆီမှာ ငါတို့နှစ် ယောက် အေးအေးချမ်းချမ်း စားသောက်နေရဖို့

အဓိကပါပဲကွာ၊ ငါကတော့ နတ်ကတော် တွေ ကိုလည်း မယုံ ဘူး၊ ညမွှေးပန်းကိုတောင် မယုံဘူးကွာ၊ သူတို့အားလုံး အရှုးလူလိမ်တွေ ပဲ ထင်တယ်၊ ဘာပဲ ဖြစ် ဖြစ် ငါ့အတွက်တော့ သောက်ရဖို့ပဲ အဓိကပဲကွာ၊ ဟောဒီလို အကောင်းစားဝီစကီပုလင်းနဲ့ ကြက်ပေါင်ကို ကိုက်နေရရင် ဘယ်စည်းစိမ်နဲ့မှ မလဲနိုင်ပါဘူးကွာ၊ မင်းလည်း ငါ့လို သောက်တတ်အောင် လုပ်ပါ လားကွာ၊ မင်း သောက်တတ်ရင် ငါ့အတွက် အဖော်ရတာ ပေါ့”

ဟု ပြောလေ၏။ ဘိုးစံသည် ခါးကုန်းကြီး၏ ဝီစကီပုလင်းကို ကြည့်၍

“ကျုပ် သောက်ကြည့်ပြီးပြီ၊ အရက်ကို မကြိုက်ဘူးဗျ၊ သွားတော့မယ်ဗျာ၊ ခြံနောက်ကအိမ်ကို သွားရှင်းဦးမယ်”

ဟု ပြောကာ ခါးကုန်းကြီးအနီးမှ ထွက်ခွာသွားလေ၏။

ခါးကုန်းကြီးက ဝီစကီကို တကြိုက်မော့သောက်၍

“ဝီစကီကို မကြိုက်ဘူးတဲ့၊ လူမိုက်ပဲ”

ဟု ရေရွတ်ပြီး ကျန်ရစ်ခဲ့လေတော့၏။

ဘိုးစံသည် ခြံအနောက်ရှိ အိမ်လေးသို့ ရောက်ခဲ့လေ၏။ ထိုအိမ်လေးကို ညမွှေးပန်းကိုယ်တိုင် စိတ်တိုင်းကျ တည်ဆောက်ထား၏။

ညမွှေးပန်းသည် အားလပ်သည့်အချိန် အနားယူ၏။ ထိုသို့ အနားယူတိုင်း ညမွှေးပန်းကို ပြုစု ရန် လူငယ်တစ်ယောက် အဖော်ခေါ်သွား၏။

ဘိုးစံသည် အိမ်ကလေးကို အမှိုက်များ လှဲပြီး ရေဖတ်တိုက်ကာ အိမ်ကလေး၌ ပင် ခြေပစ်လက် ပစ် လှဲချလိုက်၏။

ထိုသို့ လှဲချရင်း အတိတ်ဘဝကို ပြန်လည်မြင်ယောင်၏။ ငယ်စဉ်ကပင် မိခင်ဆုံးပါးပြီး ဖခင် အရက်သမားကြီး၏ ကျွေးမွေးပြုစုမှုအောက်၌ နေထိုင်ရ၏။

ဖခင်သည် ရွာစဉ်လှည့်၍ အပ်ချုပ်စက်တစ်လုံးထမ်းကာ

စက်ချုပ်သည့်အ ဖြစ် အသက်မွေး၏ ။

တစ်နေ့ ဖခင်ရောက်ရှိနေသော ရွာသို့ မိန်းမလျာညမွေးပန်းရောက်လာ၏ ။ ဖခင်သည် ညမွေးပန်းအတွက် အဝတ်အထည်များ ချုပ်လုပ်ပေးရင်း ညမွေးပန်း၏ လိုအပ်ချက်ကို နားလည်သွား ၏ ။

ထို့ကြောင့် ဘိုးစံကို လက်ဆွဲကာ ညမွေးပန်းထံသို့ လာရောက်ပြသပြီး

"ကျုပ်သား ဘိုးစံကို ညမွေးပန်းဆီမှာ အပ်ထားချင်တယ်၊ ခိုင်းချင်ရာ ခိုင်းပါ"

ဟု ပြောလေရာ ဘိုးစံသည် ဖခင်၏ အပြုအမူကြောင့် အလွန် အံ့သြသွားလေ၏ ။

ညမွေးပန်းသည် ဘိုးစံ၏ ဥပဓိရုပ်ကိုကြည့်ပြီး သဘောကျကာ ဖခင်၏ လက်သို့ ငွေစက္ကူတစ်ထပ်ထည့်၍

"ကျွန်မဆီမှာ ရှင့်သားကို တစ်သက်လုံးခေါ်ထားမယ်၊ ကျွေးမွေးမယ်၊ လူမြင်ကောင်းအောင် ဆင်ပေးမယ်၊ ဒီနေ့ကစပြီး ရှင့်သားကို ကျွန်မ ပိုင်ပြီ"

ဟု ပြောလေ၏ ။

ဖခင်သည် မိမိ၏ လက်ထဲသို့ မမျှော်လင့်ဘဲ ရောက်ရှိလာသည့် ငွေစက္ကူထုပ်ကို ပါးစပ်အ ဟောင်းသားကြည့်ကာ ဝမ်းသာလွန်းသဖြင့်

"ဒီနေ့ကစပြီး ကျုပ်သားကို ခင်ဗျားပိုင်ပြီ၊ ခိုင်းချင်ရာခိုင်းတော့"

ဟု ဆိုကာ ကျောခိုင်းထွက်ခွာသွားလေ၏ ။

ဘိုးစံသည် ဖခင်၏ အပြုအမူကို ဝမ်းနည်းလွန်းသဖြင့်

"အဖေ…မလုပ်ပါနဲ့ အဖေရယ်၊ ကျုပ် အဖေနဲ့ပဲ နေပါရစေ၊ အဖေ

မသွားပါနဲ့၊ ကျုပ်ကို မထားခဲ့ပါနဲ့”

ဟု တောင်းပန်လေ၏။ ထိုအခါ ဖခင် ဖြစ်သူက ဘိုးစံကို လက်ကာပြ၍

“လူလေး ဘိုးစံ၊ နတ်ကတော် ကြီးဆီမှာ အေးအေးဆေးဆေး နေပါကွာ၊ မင်းအမေမရှိတဲ့နောက်ပိုင်း အဖေ့ဘဝကြီးဟာ သိပ်ခြောက်သွေ့တာပဲ၊ ဒါကြောင့် အဖေ အိမ်ထောင်ပြုမလို့၊ မင်းအဖေနဲ့ အတူနေလို့မ ဖြစ်တော့ဘူး”

ဟု ပြောကာ ကျောခိုင်းထွက်ခွာသွားလေ၏။

ဘိုးစံသည် ဖခင်၏ တစ်ကိုယ်ကောင်းဆန်သော အပြုအမူကြောင့် ရင်ထဲတွင် နာကျင်သွားလေ၏။

ဖခင်သည် မိမိကိုစွန့်ပစ်ပြီး နောက်မိန်းမယူရန် ကြံစည်လေပြီ၊ ဘိုးစံသည် ထိုအချိန်မှစ၍ နတ်ကတော် ကြီး ညမွှေးပန်း၏ အစေအပါးဘဝသို့ ရောက်ရှိသွားလေ၏။

ဘိုးစံသည် နတ်ကတော် ကြီး၏ ထမီ၊ အကျႌ စသည်တို့ကို ပြင်ဆင်ပေးရ၏။

ထို့ပြင် ညမွှေးပန်း၏ ဆံထုံး၊ ပန်း၊ လက်ဝတ်လက်စားတို့ကို ပြင်ဆင်ပေးရ၏။ ဘိုးစံသည် ညမွှေးပန်းနှင့် နေထိုင်ရခြင်းကို ပျော်ရွှင်ခြင်း မရှိချေ။

အဘယ်ကြောင့်ဆိုသော် ညမွှေးပန်း၏ တပည့်တပန်းများ သည် မိန်းမလျာများ ဖြစ်၍ နေလေ၏။

ဘိုးစံသည် မိန်းမလျာများ ၏ အနေအထိုင် အပြောအဆိုကို ကြည့်၍ လွန်စွာမုန်းတီးရွံရှာနေမိ ၏။

ယောက်ျားကြီးတန်မဲ့ မိန်းမများ ကဲ့သို့ ကန့်ကလျ ပြောဆိုကာ တစ်ဦး၏ အတင်းအဖျင်းကို တစ်ဦးက အားမနာတန်း ပြောဆိုတတ်၏။

ထို့ပြင် ညမွှေးပန်း၏ တပည့် မိန်းမလျာများ သည်

တစ်ယောက်ကိုတစ်ယောက် မနာလို ဝန်တို ကြ၏ ။

ဘိုးစံသည် နတ်ကတော် များ ၏ ထိကပါး ရိကပါး၊ ပြောဆိုခြင်းကို အလွန် မုန်းတီး၏ ။

သို့ သော် ညမွှေးပန်းကိုယ်တိုင် နတ်ကတော် ဖြစ်ပြီး မိန်းမလျာများ ကို ပစားပေးထားသဖြင့် ဘိုးစံသည် ညမွှေးပန်းနှင့် တပည့်များ ၏ နတ်နှင့်ပတ်သက်သော အကြောင်းအရာများ ကို ကိုယ်တိုင်သိ မြင်၏ ။

ထိုသို့ သိမြင်သော ကြောင့် ၄င်းတို့လူစုကို ယုံကြည်ခြင်းမရှိချေ။ ညမွှေးပန်း၏ အိမ်၌ ခိုကပ်နေ ထိုင်သော ခါးကုန်းကြီးသည် ဘိုးစံကဲ့သို့ ယုံကြည်ခြင်း မရှိချေ။

သို့ သော် ခါးကုန်းကြီးသည် အရက်သမားကြီး ဖြစ်ပြီး ညမွှေးပန်း စွန့်ကြဲထားသော အရက်များ ကို ရရှိနေသဖြင့် ၄င်းတို့ အကြိုက်ပြောဆိုပြီး နေထိုင်လေ၏ ။

ဘိုးစံသည် အိမ်ကလေးကို ရှင်းလင်းပြီးသော အခါ နောက်တစ်နေ့ ညမွှေးပန်း၏ တက်ပွဲအ တွက် ကြိုတင်ပြင်ဆင်ရလေ၏ ။

တောင်ပြုန်းနတ်ပွဲ၌ နန်းကြီး၌ ပွဲတက်ရသော နတ်ကတော် သည် အလွန် ဂုဏ်ရှိ၏ ။ နတ်က တော် များ သည် တစ်နှစ် တစ်ကြိမ် တက်ပွဲတက်ရန် အလွန် အလေးအနက်ထား၏ ။

ထို့ကြောင့်ပင် နတ်ကတော် များ အားလုံး တက်ပွဲပြုလုပ်နိုင်ရန် အသည်းအသန် ကြိုးစားကြ၏ ။

တစ်နှစ် တစ်ကြိမ် နတ်ပွဲတက်ရခြင်းသည် နတ်ကတော် များ အတွက် မဟာအခွင့်အရေး ပင် ဖြစ် ၏ ။

နတ်ကတော် တို့၏ ထိပ်ခေါင် ညမွှေးပန်းအတွက်မူ တက်ပွဲဆိုသည်မှာ

သူ့အတွက် အသေးအမွှားပင် ဖြစ်၏။

ညမွှေးပန်းကို တက်ပွဲပြုလုပ်ပေးမည့် ဒကာများ ပေါ်များ လှ၏။ ညမွှေးပန်းသည် တောင်ပြုန်း နတ်ပွဲ၌ တက်ပွဲကို အခမ်းနားဆုံးအလှအပဆုံး ဖြစ်အောင် ပြင်ဆင်၏။

ညမွှေးပန်း၏ နောက်ပိုင်း မိန်းမလျာများ သည် ညမွှေးပန်းနည်းတူ ထည်ဝါခမ်းနားကြ၏။

ဘိုးစံသည် ညမွှေးပန်း၏ တက်ပွဲအတွက် အစစ အရာရာ ကြိုတင်ပြင်ဆင်ပေးရလေ၏။

*

နောက်တစ်နေ့သို့ ရောက်သော အခါ ညမွှေးပန်းသည် နန်းကြီးသို့ တက်ပွဲတတ်ရန် ဖင်တကြွ ကြွ ဖြစ်နေ၏။ တောင်ပြုန်းနတ်ပွဲ၌ တက်ပွဲကို ညနေပိုင်း၌ စတင်လေ၏။

အနယ်နယ်အရပ်ရပ်ရှိ တက်ပွဲတက်မည့် နတ်ကတော် များ များ ပြာလှသဖြင့် နောက်ဆုံးတက်ပွဲ တက်မည့် နတ်ကတော် သည် ညဥ့်နက်သန်းခေါင်အထိ အချိန်ကြာ၏။

ညမွှေးပန်းသည် နန်းကြီးသို့ ထွက်ခါနီး ၌ ဘိုးစံကို သူ့အနိုးသို့ လက်ယမ်းခေါ်၍

"ဘိုးစံ…မြို့ကလာခဲ့ ငါရဲ့တူတော် မောင်ကို ကောင်းကောင်း ဧည့်ခံစမ်း၊ သူ့ဆီက ဧည့်ဝတ် မကျေဘူးဆိုတဲ့အသံကို ကြားရရင် နင် မလွယ်ဘူး"

ဟု မှာ ကြားလေ၏။

ဘိုးစံက ခေါင်းညိတ်၍

"စိတ်ချပါဗျာ၊ ခင်ဗျားဘာသာ နန်းကြီးပေါ်မှာ အိုက်တင်များ လွန်းလို့ ဝမ်းလျားမှောက်မလဲ အောင် ကြိုးစား"

ဟု ပြောလေရာ ညမွေးပန်းက ဆဲဆိုလိုက်၏။

မကြာမီ နတ်ကတော် ကြီး ညမွေးပန်းတို့အဖွဲ့ အိမ်မှစီတန်းပြီး ထွက်ခွာသွားလေ၏။

ခါးကုန်းကြီးက နတ်ကတော် များ ထွက်ခွာသွားသော အခါ မြင်ကွင်းကိုကြည့်၍ ဝမ်းသာအားရဖြင့်

"မိန်းမလျာတွေ သွားပြီဟေ့၊ ငါတော့ ဒီနေ့ အရက်တဝကြီး သောက်ရတော့မယ်"

ဟု ကြုံးဝါးလေ၏။

ဘိုးစံသည် ခါးကုန်းကြီးကဲ့သို့ အရက်သောက်တက်သူ မဟုတ်သဖြင့်

"သောက်ဗျာ သောက်၊ ခင်ဗျားကြီး သေအောင်သောက်၊ အရက်နဲ့မြည်းဖို့ ကြက်ပေါင်တွေ ကို ကျုပ်စားမယ်"

ဟု ဆိုကာ ခြံထဲရှိ အရိပ်ကောင်းသော သစ်ပင်အောက်၌ ဖျာတစ်ချပ်ကို ခင်းလေ၏။

ထို့နောက် ခါးကုန်းကြီးက ပုလင်းထောင်၍ ဘိုးစံက အမြည်းစားပြီး လောကစည်းစိမ်ကို ခံစား ရလေ၏။

ဘိုးစံသည် ကြက်ပေါင်ကို တစ်ကိုက်ကိုက်၍

"နတ်ကတော် တွေ မရှိတဲ့ အိမ်ကြီးထဲမှာ အကြီးဆုံးစည်းစိမ်က နားစည်းစိမ်ပဲဗျ၊ မိန်းမလျာတွေ ဟာ မိန်းမအစစ်တွေ ထက် စကားများ တယ်ဗျ"

ဟု ပြောလေ၏။ ထိုအခါ ခါးကုန်းကြီးက

“သိပ်ဟုတ်တာပေ့ါကွာ၊ နောက်ပြီးတော့ မိန်းမလျှာတွေ ဟာ မိန်းမအစစ်တွေ ထက် ပိုပြီးသံသ ယများ တယ်ကွ၊ ငါ့ကို ဘယ်အချိန် မဟုတ်တာလုပ်မလဲလို့ အမြဲစောင့်ကြည့်နေတယ်”

ဟု ပြောလေ၏ ။

ဘိုးစံနှင့် ခါးကုန်းကြီးသည် အရက်သောက် အမြည်းစားရင်း အချိန်ကုန်နေလေ၏ ။

အတန်ကြာလျှင် ခြံပေါက်ဝမှ လူရိပ်ကိုမြင်ပြီး ထိုသူက လက်ပြ၍

“ကျုပ် ညမွှေးပန်းရဲ့ တူတော် မောင်ပါ”

ဟူသော အသံကို ကြားရသဖြင့် ဘိုးစံသည် ကြက်ပေါင်ကိုချ၍

“အမလေး..စည်းစိမ်တော့ ပျက်ပါပြီဗျာ”

ဟု ညည်းညူလိုက်လေ၏ ။

ညမွှေးပန်း၏ တူသည် သက္ကလတ်ဘောင်းဘီ၊ ဖလေဇာကုတ်အကျႌနှင့် ဦးထုပ်ဆောင်းထား သော အသက်သုံးဆယ်ဝန်းကျင်လူတစ်ဦး ဖြစ်၏ ။

ထိုသူသည် လွယ်အိတ်တစ်လုံးကို စလွယ်သိုင်းလွယ်ထား၏ ။

ဘိုးစံသည် ညမွှေးပန်း၏ မှာ ကြားချက်ကြောင့် ခြံပေါက်ဝသို့ ကမန်းကတန်း ပြေးသွားပြီး

“ကြွပါခင်ဗျာ၊ ညမွှေးပန်းကြီး နန်းကြီးမှာ တက်ပွဲနေနဲ့ တိုက်ဆိုင်နေလို့ မိတ်ဆွေကို မကြိုနိုင် တာပါ၊ ကျွန်တော် တို့ကို အိမ်မှာ စောင့်ပြီး မိတ်ဆွေကို ဧည့်ခံခိုင်းပါတယ်၊ ဧည့်ဝတ်ကျေဖို့ သေသေ ချာချာ မှာ ထားခဲ့ပါတယ်”

ဟု ပြောလိုက်လေရာ ညမွှေးပန်း၏ တူတော် မောင်က ကျယ်ဝန်းသော ခြံနှင့် အိမ်ကို မျက်လုံး ဝေ့ကြည့်၍

“ညမွှေးပန်းကြီး တော် တော် စီးပွား ဖြစ်နေတာပဲ၊ ကျူပ်နေရမဲ့နေရာကို ပြပါဦး။”

ဟု ပြောလေ၏။

ဘိုးစံသည် ညမွှေးပန်း၏ တူတော် မောင်ကို ခြံနောက်ရှိ အိမ်ကလေးသို့ ဦးဆောင်ခေါ်သွားလေ ၏။

ဘိုးစံသည် ဧည့်သည်အား မကြာမီ ရေချိုးနိုင်ရန် ရေတွင် း၌ ပြင်ဆင်ထားမည် ဟု ပြောဆိုလေ၏။

တူတော် မောင်သည် ခြံကြီးကိုသာ အကဲခတ်ကြည့်ပြီး လိုက်ပါလာ၏။ ထိုသူ၏ အမူအရာသည် မိမိထင်သကဲ့သို့ ဒုက္ခပေးမည့်သူ မဟုတ်ဟု ထင်မြင်မိ၏။

ညနေတက်ပွဲပြီးသော အခါ ညမွှေးပန်း ဦးဆောင်သော မိန်းမလျာများ က အိမ်သို့ ပြန်လည်ရောက်ရှိလာ၏။

ညမွှေးပန်းကြီးသည် ဧည့်သည်ရောက်နေကြောင်း သိရသော အခါ သူ၏ တူတော် မောင်ရှိရာ အိမ်ကလေးသို့ အပြေးသွားလေ၏

ထိုအချိန်မှစ၍ ဘိုးစံသည် ဧည့်သည်အတွက် နံနက် ညထမင်းကို အိမ်ကလေးသို့ ပို့ဆောင် ပေးရ၏။ ညမွှေးပန်း၏ တူတော် မောင်သည် ပွဲတော် ရက်များ အတွင် း တစ်နေကုန် သွားလာလည်ပတ်နေလေ၏။

ထိုသူ၏ ထူးဆန်းသော စရိုက်မှာ အလွန် စကားပြောနည်းပြီး ညမွှေးပန်း၏ အိမ်ရှိ မိန်းမလျာ များ နှင့် ရောရောနှောနှောနေထိုင်ခြင်း မရှိချေ။ ညမွှေးပန်းကြီးနှင့်ပင် မေးတစ်ခွန်း ခေါ်တစ်ခွန်းသာ ဆက်ဆံ၏။

ဘိုးစံသည် ထိုသူအား ရင်းနှီးလို၍ စကားစပြောကြည့်သော အခါ ဧည့်သည်က

“မင်း တော် တော် စကားများ တဲ့ကောင်ပဲ၊ ငါ အေးအေးဆေးဆေး

နေချင်တယ်၊ အပိုစကားတွေ မပြောနဲ့ကွာ”

ဟု တားဆီးလေ၏ ။

ဘိုးစံသည် ညွှ့်သည်၏ သူစိမ်းဆန်သော အမူအရာကြောင့် မရောနှောဝံ့တော့ချေ။ ထိုသူအ တွက် အစားအသောက်ကိုသာ နေ့စဉ် ပုံမှန်ပို့ဆောင်ပေးရ၏ ။

ညမွှေးပန်း၏ တူသည် အသောက်အစားမက်သူတစ်ဦး ဖြစ်၏ ။ သူ့အတွက် အရက်တစ်လုံး နေ့စဉ် မှန်မှန်ပို့ပေးရ၏ ။ ဝါခေါင်လဆန်း ပွဲတော်ပြီးသော အခါ ညမွှေးပန်းကြီး၏ တူတော် မောင် ပြန်ရန် ပြင်ဆင်နေတော့၏ ။

*

ညွှ့်သည် ပြန်မည့်နေ့သို့ ရောက်သော အခါ ညမွှေးပန်းကြီးကိုယ်တိုင် အိမ်လေးသို့ လာရောက်တွေ့ ဆုံ၏ ။

ညမွှေးပန်းကြီးသည် ညွှ့်သည်ကို စိတ်ဝင်စားနေသော မိန်းမလျှာတစ်စုကိုမခေါ်ဘဲ တစ်ကိုယ် တည်း ရောက်ရှိလာ၏ ။

ထိုအခါ ဘိုးစံသည် ညမွှေးပန်းကြီးနှင့် ညွှ့်သည်၏ ထူးဆန်းသော ဆက်ဆံရေး ကို မမျှော်လင့် ဘဲ သိလိုက်ရ၏ ။

ဘိုးစံသည် အိမ်ကလေး၏ အနောက်မှ တိတ်တဆိတ် ချောင်းမြောင်းကြည့်နေခဲ့၏ ။ ညွှ့်သည်က အရက်ပုလင်းကိုမော့၍

“ကျုပ် ပြန်တော့မယ်၊ ခင်ဗျားဆီမှာ နေခွင့်ပေးတဲ့အတွက် ကျေးဇူးကမ္ဘာပဲ”

ဟု ပြောလိုက်ရာ ညမွှေးပန်းက တင်းမာသော လေသံဖြင့်

“မင်းဟာ ငါ့ကို တော် တော် ဒုက္ခပေးတဲ့ကောင်ပဲ၊ ဒါကြောင့်

မင်းပြန်ပါစေလို့ ငါ အမြဲဆုတောင်း ခဲ့တယ်၊ အခုတော့ ငါ ဆုတောင်းပြည့်ပြီပေါ့”

ဟု ပြောလေ၏။ ညော့်သည်က ညမွှေးပန်း၏ စကားကြောင့် သဘောကျဟန်ဖြင့် ရယ်မောရှ်

“ဟား ဟား ဟား …လောဘအိုးကြီး၊ ခင်ဗျားကြီး ဆုတောင်းအမြဲပြည့်ပါစေဗျာ”

ဟု ပြောရင်း သူ၏ ကျောပိုးအိတ်ကိုလွယ်ကာ အိမ်ငယ်လေးပေါ်မှ ဆင်းသွားလေ၏။ ညမွှေးပန်းကြီးသည် ထိုလူ၏ နောက်ကျောကို မကျေမချမ်းကြည့်၍ ဆဲဆိုလိုက်လေ၏။

ထိုသူ ခြံကြီး၏ ထိပ်သို့ ရောက်သော အခါ ညမွှေးပန်း၏ တပည့် မိန်းမလျာတစ်စုသည် ပြုံးရွှင် သော အမူအရာဖြင့် အနီးသို့ ရောက်လာပြီး

“ပြန်တော့မလို့လား၊ နောက်လည်း လာဦးနော်”

ဟု နှုတ်ဆက်လေရာ ထိုသူက မိန်းမလျာများ ကို ရွံ့ရှာဟန်ဖြင့်ကြည့်၍

“ယောကျ်ား ဖြစ်ပြီး ယောကျ်ားမလိုမနေတဲ့ ဟိုမရောက် ဒီမရောက် ကောင်တွေ ၊ ငါ့နားက ထွက်သွားစမ်း”

ဟု အော်ဟစ်မောင်းထုတ်လိုက်ရာ မိန်းမလျာများ သည် ရှက်ကိုးရှက်ကန်း ဖြစ်သွားလေ၏။ ထိုသို့ ခြံထဲမှ ထွက်သွားသော အခါ ဘိုးစံက မိန်းမလျာများ ကို သဘောကျစွာဖြင့် လှောင်ပြောင်ရယ် မောနေလေ၏။

မိန်းမလျာများ သည် ဘိုးစံဘက်သို့ လှည့်၍ လှလှမိုးဆိုသော မိန်းမလျာက မကျေမချမ်းဖြင့်

“ယောကျ်ားရင့်မကြီး ဖြစ်နေပြီး မိန်းမသားတွေ ကို မစာနာဘူး၊ နင်တို့ဟာ ဘုရားဆုပန် မင်းယောကျ်ားမ ဖြစ်သင့်ဘူး”

ဟု ပြောလေရာ ဘိုးစံက ရယ်မောရှ်

“ကျုပ်တို့ယောကျ်ားစစ်စစ်တွေ က မိန်းမလျာတွေ ကို မကြင်နာဘူး၊ မိန်းမစစ်စစ်တွေ ဆိုရင် တော့ ဘယ်လိုကြင်နာရမလဲ ဆိုတာ ကောင်းကောင်းသိပြီးသား”

ဟု ပြောလေ၏။ ထိုအခါ မိန်းမလျာတစ်ဦးက မကျေမနပ်ဖြင့်

“ဟဲ..ငါတို့က မိန်းမစစ်တွေ ထက် အစစအရာရာ သာတယ်ဟဲ့၊ ချက်တဲ့ပြုတ်တဲ့နေရာမှာ ပြိုင်မ လား၊ လင်ကိုပြုစုတဲ့နေရာမှာ ပြိုင်မလား၊ ပြိုင်တဲ့ဘက်က စမ်းလိုက်”

ဟု ပြောလေ၏။ မိန်းမလျာ၏ စကားကြောင့် အနီးသို့ ရောက်လာသော ခါးကုန်းကြီးက

“ဟား ဟား ဟား ..နင်တို့ မိန်းမလျာတွေ မပြိုင်နိုင်တဲ့ နေရာ တစ်ခုတော့ရှိပါတယ်”

ဟု ပြောဆိုလေရာ မိန်းမလျာများ က သံပြိုင်

“ဘယ်နေရာလဲ”

ဟု မေးမြန်းလေ၏။ ခါးကုန်းကြီးက ရယ်မော၍

“ဟား ဟား ဟား...လည်စိရှိတဲ့နေရာမှာ လေ၊ နင်တို့လည်ပင်းမှာ လည်စိကြီးတွေ နဲ့”

ဟု ပြောလေရာ မိန်းမလျာများ သည် ခါးကုန်းကြီးအား

“လူယုတ်မာကြီး၊ ဒီဘဝမှာ ခါးကုန်းနေတာတောင် ယုတ်မာနေသေးတယ်”

ဟု ပြောဆိုလေတော့၏။

တောင်ပြိုးပွဲတော် ကြီး ပြီးဆုံးပြီး ရည်အနည်းငယ်ကြာသော အခါ

အနီးအနားရွာသို့ မင်းသား စိန်ကတုံး ဇာတ်အဖွဲ့ လာရောက်ကပြကြလေ၏။

ညမွှေးပန်းနှင့် မိန်းမလျာများ အားလုံး မင်းသားစိန်ကတုံးဇာတ်အဖွဲ့ကို ကြည့်ချင်သော ကြောင့် ဝမ်းမြောက်ဝမ်းသာ ပြင်ဆင်ကြလေ၏။

ညမွှေးပန်းသည် ဘိုးစံကိုခေါ်၍

"ဟဲ့ကောင် ဘိုးစံ၊ ငါတို့အားလုံး စိန်ကတုံးသွားကြည့်ကြမယ်၊ ဒီနေ့ည ငါ့ခြံလုံခြုံရေး ကို နင်နဲ့ ခါးကုန်းကြီး တာဝန်ယူ၊ ငါ့ခြံထဲက အရုပ်တစ်ရုပ်ပျောက်ရင် နင်တို့နှစ် ယောက်စလုံး အသေပဲ"

ဟု ပြောလေ၏။ ဘိုးစံက ညမွှေးပန်းကို မျက်နှာရှုံ့မဲ့၍ ကြည့်ပြီး

"ဒီမှာ ကျုပ်လည်း မင်းသားစိန်ကတုံးကိုကြည့်ဖို့ အားခဲထားတာဗျ၊ ကျုပ်လည်း လိုက်ပါရစေ"

ဟု တောင်းဆိုလေ၏။ ညမွှေးပန်းက လက်ကာပြ၍

"တော် စမ်း၊ ဘိုးစံ ငါတို့မိန်းမသားတွေ သွားတဲ့လမ်းမှာ နင်က ယောကျ်ားရင့်မကြီး ဖြစ်ပြီး ဘာ ဖြစ်လို့ တကောက်ကောက်လိုက်နေမှာ လဲ၊ နောက်ပြီးတော့ စိန်ကတုံးက ယောကျ်ားပဲ၊ ယောကျ်ားအချင်းချင်း ဘာလို့ကြည့်မှာ တုန်း"

ဟု ပြောလေ၏။ ဘိုးစံသည် မိန်းမလျာကြီး ညမွှေးပန်းကို ခြေဆုံးခေါင်းဆုံးကြည့်၍

"ယောကျ်ားအချင်းချင်း ဘာလို့ကြည့်မှာ လဲ ဟုတ်လား၊ ခင်ဗျားတို့တော့ စိန်ကတုံးကို ကြည့်မှာ ပေါ့၊ လောကကြီးက တော် တော် ရယ်စရာကောင်းပါလား"

ဟု လှောင်ပြောင်ဟန်ဖြင့် ပြောဆိုလေရာ ညမွှေးပန်းက ဘိုးစံ၏ ခေါင်းကို ဒေါက်ခနဲမြည်အောင် ခေါက်၍

"နင်က ငါတို့ကို မိန်းမလျာဆိုပြီး လှောင်ချင်တာလား၊ မိန်းမလျာတွေ ရဲ့

ထမီနားခိုစားတဲ့ကောင်ကများ ၊ လူပါးဝလို့၊ နင့်ကို စကားရှည်ရှည်ဝေးဝေး မပြောတော့ဘူး၊ ဟောဒီ မှာ ပိုက်ဆံတစ်မတ်ကိုယူပြီး ဒီနေ့ည အေးအေးဆေးဆေး ငါ့ခြံကို စောင့်ပါ”

ဟု ပြောကာ ဘိုးစံ၏ အနီးမှ ထွက်ခွာသွားလေ၏ ။

ဘိုးစံသည် ညမွှေးပန်းကို မခံချင်အောင်ပြောဆိုပြီး ငွေတစ်မတ်ရရှိသဖြင့် လွန်စွာကျေနပ်သွား လေ၏ ။

သူသည် ညမွှေးပန်းထံမှရရှိသော မတ်စေ့လေးကို စုဘူးထဲသို့ ထည့်ရန်ပြင်ပြီးမှ

“ဟိုဘက်ရွာမှာ အံစာဝိုင်းကောင်းကောင်းရှိတယ် ဆိုပဲ၊ ငါ့ရဲ့ကံကို သွားစမ်းရမယ်”

ဟု ကြုံးဝါးကာ ငွေတစ်မတ်ကိုကိုင်၍ အန်စာဝိုင်သို့ ထွက်ခဲ့လေ၏ ။

တစ်ဖက်ရွာဇရပ်၌ အန်စာဝိုင်းကောင်းနေပြီး လူများ ဝိုင်းအုံနေလေ၏ ။

ဘိုးစံသည် လူအများ အပြားသို့ တိုးဝင်၍ ကြက်ဇယား၌ ငွေတစ်မတ်ကို တင်လိုက်၏ ။

ထိုနေ့က သူ၏ ကံဇာတာ ကောင်းမွန်နေသဖြင့် ငွေတော် တော် များများ အနိုင်ရလိုက်၏ ။

ဘိုးစံသည် အန်စာဝိုင်းသိမ်းသော အခါမှပင် ဝမ်းသာအားရ ပြန်လာခဲ့၏ ။ ဘိုးစံသည် ခါးကုန်း ကြီးအားကိုးဖြင့် ညမွှေးပန်း၏ ခြံကြီးအား စောင့်ကြပ်ခြင်းမရှိဘဲ ထွက်ခဲ့၏ ။

ညမွှေးပန်း၏ အိမ်သို့ ပြန်ရောက်သော အခါ တစ်ခြံလုံး တိတ်ဆိတ်နေ၏ ။ ဘိုးစံသည် မီးရောင်ကို ကိုင်၍ တစ်ခြံလုံးကို လှည့်ပတ်ကြည့်လိုက်၏ ။

ထိုအခိုက်မှာ ပင် ညမွှေးပန်း၏ ခြံအနောက်ရှိ နတ်ရုတ်များ ထားရှိသော နေရာ၌ အော်သံဟစ်သံ များ ကို ကြားရလေ၏ ။

ဘိုးစံသည် နတ်ရုတ်များ ကြားရှိ ကွက်လပ်သို့ ရောက်သော အခါ မိမိမျက်လုံးများ ကိုပင် မယုံနိုင် အောင် ဖြစ်သွားလေ၏ ။

အဘယ်ကြောင့်ဆိုသော် နတ်ရုတ်များ ကြား၌ လူနှစ် ဦး အသက်လု၍ တိုက်ခိုက်နေလေ၏ ။

ထိုသူနှစ် ဦးမှာ ညမွှေးပန်း၏ တူတော် မောင်နှင့် ခါးကုန်းကြီး ဖြစ်နေလေ၏ ။

ညမွှေးပန်း၏ လူသည် လွန်ခဲ့သော ရက်ကပင် ဤအရပ်မှ ပြန်ထွက်သွားပြီး ဖြစ်၏ ။ ယခုအဘယ် ကြောင့် ပြန်ရောက်လာပြီး ခါးကုန်းကြီးနှင့် အသက်လု တိုက်ခိုက်နေသည်။

ဘိုးစံသည် ဓားရှည်ကိုယ်စီဖြင့် တိုက်ခိုက်နေသော လူနှစ် ဦးအားကြည့်၍

"ရပ်ကြပါ၊ ခင်ဗျားတို့နှစ် ယောက် ဘယ်လိုရန် ဖြစ်ကြတာလဲ"

ဟု အော်ဟစ်မေးမြန်းလေ၏ ။

သို့ သော် ညမွှေးပန်း၏ တူနှင့် ခါးကုန်းကြီးသည် ဘိုးစံကို ဂရုမစိုက်ဘဲ တိုက်ခိုက်နေဆဲ ဖြစ်၏ ။ ၎င်းတို့၏ တိုက်ပွဲသည် အလွန် ပြင်းထန်နေပြီး အသက်အန္တရာယ်ကျလုနီးပါး ဖြစ်နေလေ၏ ။

ဘိုးစံသည် လူနှစ် ဦး၏ တိုက်ပွဲကိုကြည့်ပြီး အလွန် စိုးရိမ်လေ၏ ။ ထိုအခိုက်မှာ ပင် ညမွှေးပန်း၏ တူသည် ခါးကုန်းကြီး၏ ဓားချက်မိပြီး ကိုယ်ခန္ဓာယိမ်းယိုင်သွားလေ၏ ။

ခါးကုန်းကြီး အခွင့်အရေး ကို လက်လွတ်မခံဘဲ အနီးကပ်ပူးကပ်ပြီး

ဓားရှည်ဖြင့် ထိုးစိုက်လိုက်၏။

သို့ သော် ညမွှေးပန်း၏ တူကလည်း လက်ထဲရှိဓားဖြင့် ခါးကုန်းကြီးကလည်း ပြန်လည်ထိုးခိုက် လိုက်လေ၏။

ခါးကုန်းကြီး၏ ရင်ဝသို့ ဓားစိုက်ပြီး မြေပေါ်သို့ လဲကျသွားလေ၏။ ဘိုးစံသည် မီးတုတ်ကိုပစ်ချ၍

"ခါးကုန်းကြီး"

ဟု အော်ဟစ်ကာ အနီးသို့ ပြေးပွေ့လိုက်၏။

ခါးကုန်းကြီးသည် နာကျင်စွာဖြင့် ညည်းညူလိုက်ပြီး

"ငါ မနေရတော့ဘူး ဘိုးစံ၊ လောဘရဲ့အကျိုးဆက်ပေါ့ကွာ၊ ဟိုကောင်လည်း သွားပြီထင်တယ်"

ဟု ပြောလေ၏။

ဘိုးစံသည် ခါးကုန်းကြီးကို မချိတင်ကဲကြည့်၍

"ဘယ်လို ဖြစ်တာလဲဗျာ၊ ကျုပ်တော့ ဘယ်လိုမှနားမလည်နိုင်တော့ဘူး"

ဟု ပြောလေရာ ခါးကုန်းကြီးက သွေးများ အန်ချလိုက်ပြီး

"ညမွှေးပန်းရဲ့တူဆိုတဲ့ကောင်က ညမွှေးပန်းဆီက အလွန် ထူးဆန်းတဲ့ စာအုပ်တစ်အုပ်ကို ခိုးချင်လို့" လျှို့ဝှက်ပြီးလာယူတာကွ၊ လွန်ခဲ့တဲ့အကြိမ်တုန်းက ညမွှေးပန်းဆီက စာအုပ်ကို ခိုးခွင့်မရ လို့ ခုတစ်ကြိမ် ထပ်ခိုးတာပဲ"

ဟု ပြောလေရာ ဘိုးစံက ခါးကုန်းကြီး၏ ဒဏ်ရာကိုကြည့်၍ ခေါင်းခါယမ်းပြီး

"စာအုပ်တစ်အုပ် ဘယ်လောက်အဖိုးတန်မှာ လဲဗျာ၊ စာအုပ်တစ်အုပ်အတွက် အသက်အန္တရာယ် ဖြစ်ရတယ်လို့"

ဟု ပြောလေရာ ခါးကုန်းကြီးက မောပန်းနွမ်းနယ်နေရာမှ

“ဒီစာအုပ်ကို လိုချင်လွန်းလို့ ငါကိုယ်တိုင် ညမွှေးပန်းဆီမှာ နှစ်ပေါင်းများ စွာ ဒုက္ခခံနေတာကွ၊ တကယ်တော့ ဒီစာအုပ်ဟာ ညမွှေးပန်းနဲ့ဘာမှမဆိုင်ဘူး”

“သူ့ဆီကို မမျှော်လင့်ဘဲ ရောက်နေတာကွ၊ ညမွှေးပန်းဟာ အရင်တုန်းက မန္တလေးမြို့ပေါ်မှာ အိမ်ဖော်အလုပ်ကိုလုပ်ဖူးတယ်၊ သူဟာ အိမ်ဖော်ဘဝနဲ့ အဲဒီ စာအုပ်ကို ခိုးယူခဲ့တာပဲ”

ဟု ပြောလေ၏။ ဘိုးစံသည် ခါးကုန်းကြီး၏ ထူးဆန်းသော စကားကြောင့်

“ညမွှေးပန်းကြီးက အရင်တုန်းက အိမ်ဖော်လုပ်ဖူးတယ် ဟုတ်လား၊ အိမ်ဖော်လုပ်ပြီး သူက ဘာ ဖြစ်လို့ သူတစ်ပါးပစ္စည်းကို ခိုးရတာ လဲ”

ဟု ရေရွတ်လေရာ ခါးကုန်းကြီးက မောပန်းသော ဟန်ပန်ဖြင့်

“စာအုပ်က အဖိုးတန်လို့ပေါ့ကွာ၊ ဒါတွေ မေးမနေပါနဲ့။ မယ်တော် ရုပ်ထဲက စာအုပ်ကိုယူပြီး ဒီနေရာကပြေးပေတော့၊ ဒီစာအုပ်ထဲက အကြောင်းအရာတွေ ကိုဖတ်ပြီး မင်းဘဝတိုးတက်အောင် ကြိုးစားပေတော့၊ ငါမနေရတော့ဘူး၊ မောလိုက်တာကွာ”

ဟု ပြောရင်း မောပန်းစွာဖြင့် အသက်ကိုပြင်းပြင်းရှူနေလေ၏။ ဘိုးစံသည် ခါးကုန်းကြီးကို ကြည့်ရှုနေစဉ်မှာ ပင် ၄င်းအသက်ထွက်သွားလေ၏။

ဘိုးစံသည် ခါးကုန်းကြီးပြောသော နံကရိုင်းမယ်တော် ရုပ်ကို ရှာဖွေလေရာ မြေပေါ်၌ တွေ့ ရ လေ၏။

ဘိုးစံသည် တုန်ယင်သော လက်များ ဖြင့် နံကရိုင်းမယ်တော် ရုပ်ကို ကောက်ယူလိုက်လေ၏။

ညမွှေးပန်း၏ တူလည်း သေဆုံးနေလေပြီ။

ဘိုးစံသည် မိမိ၏ အရှေ့တွင် မမျှော်လင့်ဘဲ လူနှစ် ဦး သေဆုံးသွားသဖြင့် ထိတ်လန့်တုန်လှုပ် နေမိ၏ ။

*

*